# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့အစီအစဉ်

# [ ၂၁-၁-၂၀၁၃ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဥပဒေနှင့်အညီ ရရှိသင့်သည့် အခွင့်အရေးများ ရရှိရေး**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးကြည်တင့်၊ ခရေပြူ မဲဆန္ဒနယ်၏ **သမဝါယမဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အကြောင်းအရာ(၅)ခု** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြတ်လေးလမ်း၊ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ်(၅၇)၊ မြေဧရိယာ(၀.၁၆၁)ဧကရှိ မြေကွက်မြေဂရမ် ပြင်ဆင်မှုအား ယနေ့ထက်တိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှ ဆောင်ရွက်မပေးသေးခြင်းကိစ္စ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ် (ကိုယ်စား) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရွှေပေါက်ကံ မြို့သစ်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သီးခြားမြို့နယ်အသစ်တစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးရန် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းညွန့်၊ သဃ်္ဘန်းကျွန်း မဲဆန္ဒနယ်၏ **အင်းစိန်အကျဉ်းထောင်မှ တရားရုံးများတွင် အချုပ်တရားခံများနှင့်အမှုထပ်တိုးအကျ တရားခံများကို ရုံးချိန်းအလိုက် သက်ဆိုင်ရာတရားရုံးများသို့ ရုံးထုတ်သည့်အခါ အထူးသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ ရုံးထုတ် တရားခံများပို့ဆောင်ရာတွင် အင်အားမမျှမတ ဖြစ်နေသဖြင့် အချုပ်သားများကျဉ်းကျဉ်းကျပ်ကျပ် ဒုက္ခကြီးစွာ လိုက်ပါ နေရသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါက်တာ တင်မောင်ကြိုင်၊ ကြံခင်း မဲဆန္ဒနယ်၏ **လျှပ်စစ်ဓာတ်အားရရှိပြီးသော မြို့နယ်များသို့ လျှပ်တာပြောင်း(Transformer)များ ထပ်မံချပေးရာတွင် (၁၁၀၀၀)ကေဗွီကြေးနန်းကြိုးများ၊ ကြွေသီးများနှင့် ဆက်စပ်ပစ္စည်းများ ချပေးခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **တောင်နဝင်းရေအားလျှပ်စစ်စီမံကိန်း(SNHP)အား ပြန်လည်ဖော်ထုတ် အကောင်အထည်ဖော်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ထောက်ကြန့်မြို့အဝင်ရှိ ရန်ကုန်–ပြည် လမ်းမကြီးနှင့် ရန်ကုန်–မန္တလေး လမ်းမကြီး (အမှတ်–၁) လမ်းကို ဆက်သွယ်သော ရှောင်လမ်းရှိ ရပ်ကွက်များ အတွက် လမ်းမီးများ ထွန်းပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ် စစ်ကွင်း(မြို့) ကျေးရွာအုပ်စုတွင် ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် ကတိကဝတ် ပြုထားသည့်အတိုင်း မည်သည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို လည်းကောင်း၊ ဓာတ်အားခွဲရုံအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ (ဋ)တို့၏ ပြဋ္ဌာန်းချက်တွင် ပါရှိသော ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ ဟူသည်ကို တိကျရှင်းလင်းစွာ အနက်အဓိပ္ပါယ် ဖွင့်ဆိုပေးပါရန်** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။